



ကာတွန်း ငွေကြည်
ထိတ်ထိတ်ကြဲ
...ရွာတွင် ကိုရှူးနှင့်...
...မယား ရှိသည်။
တစ်နေ့တွင် ကိုရှူးသည် အိမ်ရှေ့ရှိ ပိတောက်ပင်ကြီးကို ခုတ်လှဲပြီး မောင်းထောင်းဆုံ ပြုလုပ်လိုက်သည်။


သင်သည်
ဤစာအုပ်ကိုဖတ်ရှု
အမြစ်ကောင်းရှာ
ပျော်ရွှင်ရယ်မောနိုင်ပါစေသတည်း။


မောင်း
ထောင်းဆုံ
တစ်ခါက ရွာတစ်ရွာတွင် ကိုထူးနှင့်
မယ်မြဆိုသူ လင်မယားရှိသည်။
တစ်နေ့တွင် ကိုထူးသည် အိမ်ရှေ့ရှိ ပိတောက်ပင်ကြီးကို ခုတ်
လှဲပြီး မောင်းထောင်းဆုံ ပြုလုပ်လိုက်သည်။


ထို မောင်းထောင်းဆုံကို အိမ်ရှေ့၌ထားပြီး၊ မိန်းမဖြစ်သူ
မယ်မြက ဆန်ဖွပ်သည်။
ကျန်အချိန်တွင် ရွာထဲမှလူများ
အခမပေးဘဲ၊ အလကား လာ
ထောင်းသဖြင့် မောင်းမှာ
မအားရချေ။
ထို့ကြောင့် တစ်နေ့- မောင်း
ဆုံ၌ လူစုံချိန်တွင် ကိုရှုးက
ဤသို့ ဆိုလိုက်လေသတည်း။
အိမ်ရှေ့က ပိတောက်ပင်
မောင်းဆုံလေးဆင်××
ဟိုလူလာထောင်း× ဒီလူ
လာထောင်း...ခွေးမသား
မောင်း×××


ဆင်အိုး
ပေါက်တယ်
<ပေးပို့သူ>
တင်မိုးဝင်း
ရန်ကုန်မြို့
တစ်နေ့တွင် စကားမပီသူတစ်ယောက် ခရီးထွက်လာခဲ့ရာ၊ လမ်းခုလတ်တွင် မောပန်းသဖြင့်
အရိပ်ကောင်းကောင်း သစ်ပင်အောက်ဝင်နား ဦးမှ
ညောင်ပင်တစ်ပင်အောက်တွင် နားနေစဉ်.....
အလို


လူတစ်ယောက် ဆန်အိတ်ထမ်းပြီး၊ သူ့နံဘေးမှဖြတ်သွားသည်ကို တွေ့ရ....
ဆန်အိတ် ပေါက်နေပါ လား
ဆန်အိတ်ပေါက်နေသဖြင့် လှမ်းပြီး သတိပေးလိုက်သည်။
ဟေ့လူ... ဆင်အိုးပေါက် နေတယ်
ဟင်...ဆင် အိုးပေါက်နေ တယ်တဲ့
ဒါဆို... ဒီအနားမှာ ဆင်ရှိနေပြီ ပြေးမှ


ဆန်ဒီတစ်ထမ်းလာသူသည် ကြောက်လန့်ပြီး ပြေးတော့သည်။
စကားမပီသူလည်း၊ နောက်မှ ပြေးလိုက်ရင်း၊ တကြော်ကြော် အော်ကျ သတိပေးနေသည်။
ဗျို့-ဟေ့လူ ဆင်ဒီးပေါက် နေတယ်
ရှေ့မှလူလည်း သတိပေးလေ ပြေးလေဖြစ်နေရာ....


မောပန်းလွန်းသဖြင့် တစ်နေရာတွင် အနားယူသောအခါမှ နှစ်ဦးသာ
ဆုံမိကြလေ၏။
ဘာလို့ ပြေးနေရတာလဲ
ခင်ဗျားပဲ ဆင်အိုးပေါက်နေတယ်ဆို
ထိုအခါ စကားမပီသူ ပြောလိုက်သည်မှာကား....
ကျုပ်က ဟောဒီ ဆင်အိုးပေါက်နေ တာကို ပြောတာ
ပိုက်


ဦးရိုမီယို
တစ်ခါက ဦးအောင်စိန်ဆိုသူ ရှိသည်။
ဦးအောင်စိန်တွင် မယ်မြ၊ မယ်လှ၊ မယ်ခ၊ မယ်စ အမည်ရှိ သမီး (၄) ယောက် ရှိသည်။


သမီးကြီး မယ်မြသည် ထန်းညီနောင်ရွာသားနှင့် အိမ်ထောင်ကျပြီး တစ်နှစ်ခန့်အကြာတွင် သမက်ဖြစ်သူရောက်လာကာ...
အဘရေ..ညက မယ်မြ၊ အမြွာပူး မွေးတယ်ဗျ
ဟော...
သမီးလတ် မယ်လှမှာ သုံးခွ သားနှင့် အိမ်ထောင်ကျသည်။
မယ်လှ ကလေးမွေးသော အခါ....
ကော့သမီး သုံးမြွာပူးမွေး သတဲ့ကော်.
ဟော


ဦးအောင်ဇိန်မှာ အလွန်အံ့ဩမိသည်။
ထန်းညီနောင်သားနဲ့ရတဲ့ မယ်မြက – နှစ်ဖြာပူး ... သုံးခွသားနဲ့ရတဲ့ မယ်လှက သုံးဖြာပူး တဲ့
ထို့နောက် သမီးမယ်ခမှာ ညောင်လေးပင်သားနှင့် အိမ်ထောင်ကျသွားသည်။
တစ်နှစ်ကြာသော် သမီးမယ်ခတို့ထံမှ စာရောက်လာလေသည်။
ဟိုက် မယ်ခ၊ လေးဖြာပူး မွေးသတဲ့ဗျ


ဦးအောင်စိန်မှာ သမီးချော မယ်စ အတွက် အတွေးခေါ်ပြီး
ဒိုးဂိမ်ကျကျ ရှိသည်။
မဖြစ်ဘူး၊ မယ်စကို အိမ်ထောင်ချရင်တော့ သေသေချာချာ ရွေးရ တော့မှာပဲ
ထိုစဉ် မယ်စနှင့် မေတ္တာမျှနေသော လူငယ်တစ်ဦး လာရောက် တောင်းရမ်းလေရာ၊ ဦးအောင်စိန်မှာ ဒိုးဂိမ်တကြီး ဖြင့်-
ဟေ့-ဟေ့ မင်းက ဘယ်ကွ ဘယ်နှယ်သား လဲကွ၊ ဟေ...
ထိုအခါ လူငယ်၏စကားကြောင့်၊ ဦးအောင်စိန် ပက်လက်လန် လေတော့သတည်း။
ကျွန်တော်က သုံးဆယ်သားပါ ခင်ဗျာ
အောင်မယ် လေးဗျ

# မှတ်တိုင်


ရပ်ကွက်တစ်ခုမှာ ဖောင်တတ်တဲ့
ဒေါ်ဖော့ဆိုသူ အဒေါ်ကြီးရှိတယ်။
ဟဲ့ —
ပလုတ်တုတ်
ဒိုင်း


ဒေါ်ဖော့ဟာ အိမ်မှာ ဈေးဆိုင်လေးဖွင့်ပြီး
မုန့်ပဲသွားရည်စာ ရောင်းစားသတဲ့။
ပူတင်းပေါင်မုန့်
ပေးပါ


ယောင်တောက်တဲ့ ဒေါ်မြော့ကို လူတွေက ဖမ်းမိပြီး ဝိုင်းခ ကြသတဲ့။
ဟိတ် ဒေါ်မြော့
ဟိတ် ဒေါ်မြော့
ဟို အဘိုး ကြီးကို၊ ငါ... ကြိုက်တယ်
ဟို အဘိုးကြီးကို ငါကြိုက်တယ်
တစ်နေ့မှာ ဒေါ်မြော့ဟာ ဈေးဝယ်ဖို့ ဘတ်စ်ကားစီးပြီး၊ မြို့ထဲ ထွက်လာခဲ့တယ်။



သူစီးလာတဲ့ကားဟာ လူကြပ်နေလို့ မတ်တတ်ရပ်ပြီး စီးလာခဲ့ရတယ်။
ဆွဲ... ဆရာရေ့
ကြားမှတ်တိုင်တစ်တိုင်မှာ... အမျိုးသမီးတစ်ယောက် တက်လာပြီး၊ ဒေါ်ဗျော့ ဘေးမှာ ရပ်စီးလာတယ်။
ဒေါ်ဗျော့ဟာ အမျိုးသမီးရဲ့ ချိုင်းကြားက ချိုင်းမွှေး တွေကို မြင်သွားပြီး တွေးနေ မိသတဲ့။
ရှော်... မိန်းကလေးနှယ် လှလှပပ သပ်သပ်ရပ်ရပ် နေပြီး၊ ချိုင်းမွှေးလေး တောင်မှ မနှုတ်ဘူး


အဲဒီအချိန်မှာ သူဆင်းမယ့်မှတ်တိုင်ရောက်ခါနီးနေပြီဖြစ်တယ်။
ချိုင်းမွှေးတွေ
ချိုင်းမွှေးတွေ...
အဲဒီမှာ တွေးကောင်းနေတုန်း ကားစပယ်ယာက အသံပြဲကြီးနဲ့ ရုတ်တရက်အော်လိုက်တာကြောင့်-
မှတ်တိုင်ပါရင် ကြိုပြောကြ
အဲဒီမှာ ကယောင်ကတမ်းနဲ့ ပြန်ပြောလိုက်တာကတော့-
ချိုင်းမွှေး မှတ်တိုင် ပါတယ်


အဲဒီအချိန်မှာ သူဆင်းမယ့်မှတ်တိုင်ရောက်ခါနီးနေပြီဖြစ်တယ်။
ရှဉ်....
ချိုင်းမွှေးတွေ ချိုင်းမွှေးတွေ...
ဒါပေမဲ့ တွေးကောင်းနေတုန်း ကားစပယ်ယာက အသံပြဲကြီးနဲ့ ရုတ်တရက်အော်လိုက်တာကြောင့်-
မှတ်တိုင်ပါရင် ကြိုပြောကြ
ဒါပေမဲ့ ကယောင်ကတမ်းနဲ့ ပြန်ပြောလိုက်တာကတော့-
ချိုင်းမွှေး မှတ်တိုင် ပါတယ်


ပုံသုကြီး
တစ်ခါက ရပ်ကွက်တစ်ခုတွင် အမှိုက်ကို စည်းကမ်းမဲ့ ပုံနေကြသောကြောင့် သူကြီးက–
ရော့ဟေ့ ဟောဒီဆိုင်းဘုတ် သွားစိုက်ထားလိုက်
အများ မြင်သာသောနေရာတွင် ဆိုင်းဘုတ်စိုက်ထားလိုက်သည်။
အမှိုက်မပုံရ
ပုံ/သူကြီး



သို့သော် လူတစ်ယောက်သည် သုံးလေးရက်ဆက်တိုက်၊ ထိုနေရာတွင် အမှိုက်လာပုံနေသဖြင့်-
အမှိုက်မပုံရ
ပုံ/သူကြီး
ထိုသူကို သူကြီးက ခေါ်ပြီး....
စာရေးထားတာ မမြင်ဘူးလားကွ ဟေ....
ထိုအခါ ထိုသူ ပြန်ပြောလိုက်သည်မှာကား ....
မြင်ပါတယ်ခင်ဗျ သေသေချာချာ ကြည့်ပြီးမှ ပုံတာပါ၊ အပေါ်က- "အမှိုက်မပုံရ"၊ အောက်က ပုံ သူကြီး...တဲ့
ဒါကြောင့် ပုံတာပါ

# မင်းကြီး များ



တစ်ခါက ရွာတစ်ရွာတွင် အလှူနှင့်ကြွားဝါ တတ်သော ဦးခံမျှင် ဆိုသူ ရှိသည်။




ကြွားဝါလွန်းသောကြောင့် ရပ်ရွာသားများက သူ့နာမည်ကို နောက်ပြောင်၍ပင် ခေါ်ကြ၏။
ဟိုမှာ.... လေပန်းစံမျှင် လာနေပြီဟေ့


တစ်နေ့တွင် ရွာသားများ ထိုစဉ်က တောရွာများသို့ မရောက်သေးသော၊ ဓာတ်ပြားဖြင့်ဖွင့်ရသည့် သံပတ်ဓာတ်စက်အကြောင်းကို ပြောနေကြသည်။
ငါတော့ - တစ်ခါမှ မမြင်ဖူးသေးဘူး
ဒီပတူးဆန်းတာပဲကွ ဓာတ်ပြားကို အပ်နဲ့ ခြစ်ပြီး၊ အသံမြည်တာတဲ့ကွ
ထိုအခါ လေကြွားဦးခံမျှင် ဝင်ကြွားလိုက်သည်မှာကား....
ဟုတ်တယ်ကွ တစ်နေ့က – ငါ...ဟိုဘက်ရွာ သွားတုန်း၊ လမ်းမှာ ဓာတ်ပြား အကွဲစလေးတွေ့လို့၊ လက်သည်းနဲ့ ခြစ်လိုက်တာ၊ မင်းကြီးများ ...လို့ ထအော်တယ်ကွ


ပြော
လိုက်ပုံ
တစ်ခါက ရွာတစ်ရွာတွင် ဦးကျောက်နှင့် ဒေါ်မြယ်အမည်ရှိ လင်မယားနှစ်ဦး ရှိသည်။
သူတို့တွင် အလွန်ထုံအသည့် သားတစ်ယောက်ရှိသည်။



သူတို့လင်မယားသည် သားဖြစ်သူ မောင်နုကို၊ စာသင်ကြားရန် ဂူထိပ်ရှိ ကိုဉာဏ်ထံ ပို့ထားသည်။
ထားခဲ့ပါ
ကိုဉာဏ်က မောင်နုကျောင်း စ တက်သည့်နေ့တွင် မှတ်ဉာဏ် ရင့်သန်စေရန်အတွက်
မောင်နု၊ ဆရာ ပြောတာ သေသေ ချာချာမှတ်နော်
ငါဟာ... မင်းဆရာ မင်းဟာ... ငါ့တပည့်
JJ



မင်းဘေးကဟာ မင်းသူငယ်ချင်း မှတ်ထားနော်
ဟုတ်ကဲ့
မောင်နီ အိမ်သို့ပြန်ရောက်သောအခါ ဖခင်ဦးကျောက်က သင်ခဲ့ရသမျှကို မေးကြည့်ရာ....
ငါဟာ မင်းဆရာ မင်းဟာ ငါ့တပည့် မင်းဘေးကဟာ မင်းသူငယ်ချင်းတဲ့
အေး ဟုတ်ပြီ
ဦးကျောက်က မောင်နီ ပိုမိုသဘောပေါက်စေရန် ထပ်သင်ပေးပြန်သည်။
အခုဆို... ငါဟာ...မင်းအဖေ မင်းဟာ...ငါ့သား


မင်းဘောကဟာ ငါ့ မိန်းမ မှတ်ထားရှော့ သား ...
နောက်နေ့ ကျောင်းသို့အရောက် ကိုဉာဏ်က ပြန်လည်စစ်ဆေးပြန် သည်၌...
မောင်နု-မနေ့က ဆရာသင်ပေးလိုက် တာတွေ၊ ပြန်ဆို စမ်း...
မှတ်ထားသည့်အတိုင်း မောင်နုပြန်ဆိုလိုက်သည်မှာကား ....
ငါဟာ... မင်းအဖေ မင်းဟာ... ငါ့သား မင်းဘောကဟာ ငါ့ မိန်းမ
ဟိုက်


စက်ပိုင်ရှင်
<ပေးပို့သူ>
တောမင်းဦး
သာယာဝတီမြို့
တစ်ခါက ရွာတစ်ရွာတွင်ငါးခြောက်ရောင်း စားသော အပျိုကြီး မသန်းမြင့်ဆိုသူရှိ၏။
တစ်နေ့တွင် တစ်နယ်တစ်ကျေးမှ ဈေးလာဝယ်သော လူပျိုကြီး တစ်ဦးသည် အပျိုကြီးကိုတွေ့သည်တွင် သဘောကျသဖြင့်


ဈေးမှအပြန်တွင် ချစ်ဦးမိန်း ပေသည်။
မေတ္တာရှိလို့ ဘဝခရီးဖော်အဖြစ် လက်တွဲပါလို့
ထိုအခါ အဖိုးကြီးက -
ရှင့်ကိုယ်ပိုင် ဘာတွေရှိလဲ
ရေနံစက် တစ်စက် ရှိပါတယ်....
သို့နှင့် အဖိုးကြီးသည် မိဘများကို တင်ပြရာ....
အမေ့ သမက်လောင်းက ရေနံစက်တစ်စက်ထောင် ပိုင်သတဲ့
ဟေ.... ဟုတ်လား
၂၆



မိဘများသည် လွန်စွာသဘောကျပြီး၊ ခက်ပိုချောင် လျှပေါ်ကြီးနှင့် လက်ထပ်ပေးလိုက်လေ၏။
ထို့နောက် ယောက်ျားဖြစ်သူ၏ နေရပ်သို့ ထွက်ခဲ့ကြသည်။
ရောက်သောအခါ....
အဲဒါ.... ကိုယ့်အိမ်ပဲ လွတ်လွတ်လပ်လပ် နေပေတော့.


ရေနံစက်ပိုင်ရှင်က တိစ္ဆာကြီးနဲ့ နေရ သလားတော်.
ဘယ်မှာလဲ ရှင်ပိုင်တဲ့ ရေနံစက်
ဤတွင် ယောကျ်ားဖြစ်သူ ပြောလိုက်သည်မှာကား ……
ကိုယ်ပြောတဲ့ ရေနံစက်က၊ ဟောဒီ ပုလင်းထဲက လက်ကျန် ရေနံဆီတစ်စက်ကို ပြောတာ၊ ဟီး



သူ့အမေး
တစ်ခါက ရွာတစ်ရွာတွင် အလွန်လှပသော မအေးအမည်ရှိ မိန်းကလေး တစ်ယောက်ရှိသည်။
မအေးသည် တစ်နေ့တွင် မြို့ရှိ အစ်မအိမ်သို့အလည်သွား၏


မြို့တွင် သူ့အစ်မနှင့်လျှောက်လည်ရာ တစ်နေရာရောက်သော်
အတော်ပဲ ကြုံတုန်းဝယ် သွားမှ
အစ်မဖြစ်သူက ကျားတံဆိပ်ခေါင်းကိုက်ပျောက်ဆေးဝယ်ရ
ကျား ခေါင်းကိုက် ပျောက်ဆေးတစ်ထုပ် ပေးပါ
ကျွန်ုပ်တွင် မအေး တအံ့တဩ မေးလိုက်သည်မှာကား ....
ဟင်...မမတို့ မြို့မှာ ကျားတွေ ခေါင်းကိုက်တတ်သလား


စေတနာရှင်
<ပေးပို့သူ>
ဧမင်းသား
ရန်ကုန်မြို့
တစ်နေ့တွင် လူငယ်တစ်ဦးသည် လက်ဖက်ရည်ဆိုင်တစ်ဆိုင်သို့ ဝင်လာသည်။
ထို့နောက် တစ်ဆိုင်လုံးကြားအောင် အော်ပြောလိုက်သည်။
ကျွန်တော်သောက်သလို၊ အားလုံးလိုက်ပြီး သောက်ကြပါ



ထိုအခါ ဆိုင်တွင်းရှိ လူအားလုံးသည် စေတနာရှင်နှင့်တွေ့ပြီထင်ပြီး အားရပါးရ သောက်ကြလေ၏။
လူငယ်သည် လက်ဖက်ရည်သောက်ပြီးနောက် ကျသင့်ငွေကိုရှင်းကာ
တစ်ဆိုင်လုံးကြားအောင် အော်ပြောလိုက်ပုံကြောင့် အံ့သြသွားကြလေသတည်း။
ကျွန်တော်ငွေရှင်း
သလို၊ အားလုံးလိုက်ပြီး
ငွေရှင်းပေးလိုက်ကြ
ပါ


အ,လိုက်တဲ့ သူတွေ
<ပေးပို့သူ>
နှင်းမြအိမ်
မန္တလေးမြို့
တစ်ခါက ရွာတစ်ရွာတွင် အလွန်ပြုံးအာသော ပယပါကြီး ကိုရွှေသိန်းဆိုသူ ရှိသည်။
သူသည် မြို့ပေါ်သို့ အထွက်နည်းသဖြင့် ဗဟုသုတလည်း နည်းပါးသည်။
မြို့ပေါ်မှာ တယ်လီဗေးရှင်း ပေါ်နေပြီကွ


ဗော... ဟုတ်လား
တယ်လီမြေးရှင်းဆိုတာ
စားလို့ချိုလား ဟင်
ဟား ဟား
ဟား
ဟိုး ဟိုး
တစ်နေ့သော် ကိုရွှေသိန်း၏ဦးလေးသည်ရွာသို့အလည်ရောက်လာ
အားလုံး
နေကောင်းကြ
တယ်နော်
ဟုတ်ကဲ့
ဦးလေး


အပြန်တွင် ကိုရွှေသိန်း ဦးလေးနှင့် မြို့သို့ အလည်လိုက်သွားသည်။
မြို့ရောက်သောအခါ ဘောလုံးပွဲ မကြည့်ဖူးသဖြင့် ဦးလေးနှင့် အတူ သွားကြည့်သည်။
ဂိုး
သူသည် ဘောလုံးပွဲအကြောင်း နားမလည်သဖြင့် တဖြည်းဖြည်း ငြီးငွေ့လာသည်။



သူ့ဦးလေးကများ ဘောလုံးဝါသနာအိုးဖြစ်သည့်အလျောက် ကြည့်ကောင်းမြဲ ကြည့်နေပေါ့။
ချလေးကွ ချလေး
သူသည် ကြည့်ရင်းကြည့်ရင်း စိတ်မရှည်တော့သောကြောင့်
တောက်
ပြောလိုက်ပုံများကား ....
အလကားပါ ဦးလေးရာ... တော်တော်အတတ် သူတွေ ဘောလုံးလေး တစ်လုံးကိုများ လုကန်နေလိုက်ကြတာ.. တစ်ယောက်တစ်လုံးစီဝယ်ပြ အားရပါးရ ကန်ပစ်လိုက်ကြတာ မဟုတ်ဘူး


အနားသား
တူး
<ပေးပို့သူ>
ခင်မောင်အေး
ယွန်းတန်း
မန္တလေးမြို့
တစ်ခါက လူစည်ကားရာ ဈေးထောင့် တစ်နေရာတွင်၊ အဒေါ်ကြီးတစ်ယောက် ဘိန်းမုန့် ရောင်းနေသည်။
အရသာ ကောင်းသဖြင့် ဝယ်စားသူများပြားသည်။
နှစ်ခု ပေးပါ


တစ်နေ့တွင် ကမ္ဘာလှည့်ခရီးသည်တစ်ဦး ဘိန်းမုန့် လာဝယ်စားသည်။
စား၍ အရသာရှိသောကြောင့် နောက် နှစ်ခု ထပ်ပေးရန် ပြောလိုက်သည်။
အနားသား တူး
ဤတွင် အင်္ဂလိပ်စကား နားမလည်သော ဘိန်းမုန့်သည်က .... အနားသား တူးနေသည့် ဘိန်းမုန့် ၂-ချပ်ကို ရွေးပေးပြီး ပြောလိုက်သည်မှာကား.....
အနားသားတူးနေတဲ့ မုန့်မျိုး စားချင်တဲ့သူလည်း ရှိသေးသတော်၊ အံ့ပါရဲ့ တော်... ဟီဟိ
ပြီး


အံ့ရောကွာ
<ပေးပို့သူ>
ဆန်နီ
ရန်ကုန်မြို့
တစ်ခါက ရွာတစ်ရွာတွင် အလွန်အ သော မောင်နု ဆိုသူ ရှိသည်။
တစ်နေ့တွင် မြို့မှ မောင်အာဂ ဆိုသူ မောင်နု တို့ရွာသို့ ရောက်လာသည်။


မောင်နု နှင့် မောင်အာဂ တို့သည် စားသောက်ဆိုင်တစ်ဆိုင်၌ ဆုံမိကြပြီး၊ မောင်အာဂ က လုဒ္ဒါများ ပြော၍....
မျက်လုံးကို ပါးစပ်နဲ့ ကိုက်ပြမယ်
မဖြစ်နိုင်တာဗျာ ကဲ – ခင်ဗျားစကား အတိုင်း၊ လုပ်ပြနိုင်ရင် ငွေ ငါးရာ ပေးမယ်
ထိုအခါ၌ မောင်အာဂ က၊ သူ့ဘယ်ဘက် ကျောက်မျက်လုံးကို ထုတ်၍ ပါးစပ်နှင့် ကိုက်ပြလိုက်သည်။
ဟင်


မောင်နု ငွေငါးရာပေးလိုက်ရသည်။
ဒံ့ရောကွာ
မောင်ဒါဂဂက ထယ်ဂျ....
ကျွန်တော့် ညာဘက် မျက်လုံးကို၊ ပါးစပ်နဲ့ ကိုက်ပြဦးမယ်...
ထိုအခါ မောင်နုက –
မဖြစ်နိုင်တာကွာ မျက်လုံး နှစ်လုံးစလုံး ကျောက်မျက်လုံးဆိုရင် မင်း ဘယ်လိုလမ်းသွား မလဲ....


ဒီလောက်ကောင်း
အမြောကြီးတာ.... ၁၀၀၀ ကြေး
လောင်းမယ်၊ လုပ်နိုင်ရင်
လုပ်ပြစမ်း
ဤတွင် မောင်အာက က-ပါးစပ် အတွင်းမှ အံကပ်ကို ထုတ်၍ ညာဘက်မျက်လုံးကို၊ ကိုက်ပြ လိုက်ပြန်သည်။
ထို့ကြောင့် မောင်နုလည်း ကျွသို ဆိုကာ၊ ငွေသား ၁၀၀၀ ကို.... ပေးလိုက်ရပြန်သတည်း။
အံ့ရောကွာ


# ဘော့တွဲနှင့် လက်ဖောက်



တစ်ခါက မြို့တစ်မြို့တွင် ဘော့တွဲကြီး တစ်တွဲကို၊ ခါး၌ အမြဲတမ်း ချိတ်ဆွဲထားသော လူကြီးတစ်ယောက်ရှိသည်။
သူသည် နေ့စဉ် ဘုရားသို့သွားလေ့ရှိသည်။


ထိုမြို့တွင် လက်ကောက်များ
တစ်တောင်ဆစ်အထိ ဝတ်ထားသော
အပျိုကြီးတစ်ဦး ရှိသည်။
သူတို့နှစ်ဦးကို ဘေးလူမျ
အမြင်တွင်....
သိပ် ချမ်းသာတဲ့
သူတွေပဲ....
ညနေချမ်းသို့ရောက်တိုင်း၊ အပျိုကြီးသည်လည်း လက်ကောက်
တစ်တောင်ဆစ်ရောက်အောင်ဝတ်ကာ၊ ဘုရားဝပ်ဖူးနေ ရှိသည်


သူတို့နှစ်ဦးသည် တွေ့ဖန်များလာသောအခါ၊ တစ်ဦးကိုတစ်ဦး စိတ်ဝင်စားလာကြသည်။
ဒီမိန်းမဟာ၊ လက်ကောက် တံတောင်ဆစ်ရောက်အောင် ဝတ်ထားပုံထောက်ရင်.... အတော်ချမ်းသာမယ့်ပုံပဲ ဟဲဟဲ... သူ့ကိုရအောင်ကြံမှ
အင်း... ဒီလူဟာ၊ သော့တွဲကြီး ခါးမှာချိတ်ထားပုံထောက်ရင် လူချမ်းသာဖြစ်မှာပဲ၊ ငါတော့- သူ့ကိုမလွှတ်အောင်...အမိ ဖမ်းမှ




လက်ထပ်ပြီးနောက်တွင်ကား၊ သူတို့နှစ်ဦး၏ လျှို့ဝှက်ချက်
ပေါ်သွားပေတော့သတည်း။








သူ့အတွက်
တစ်ခါက ဘုရားတရားကြည်ညိုရှိခိုအလွန် ပိုးအသော အဘိုးအိုတစ်ယောက်ရှိသည်။
အနိစ္စ ဒုက္ခ အနတ္တ....
တစ်နေ့တွင် သူ့သားအကြီးဆုံးသည် သူ့သဘောမတူသော မိန်းကလေးကို ခိုးပြေးသွားသည်။


ထို့ကြောင့် အလှူဒါယကာကြီးက.....
ဒီကောင့်ကို၊ ငါ့အိမ်ပေါ် လုံးဝ မတက်စေနဲ့၊ အမွေပြတ် ငါသေလည်း မလာစေနဲ့
အဘိုးကြီးသည် ညစဉ် ဘုရားရှိခိုးပြီးတိုင်း မေတ္တာပို့ပေးရှိသည်။
သဗ္ဗေ×သတ္တာ အဝေရာ ဟောန္တု×
သို့သော် သားသမီးများကို မေတ္တာပို့ရမည့်အလှည့်ရောက်လျှင်... သားကြီးအား မကျေနပ်သော်လည်း၊ ဤသို့ မေတ္တာပို့လိုက်ပေးသတည်း။
ဟိုအကောင်.... အဝေရာ ဟောန္တု

# ဆရာ့ဖြစ်ပုံ



တစ်ခါက မြို့တစ်မြို့တွင် နာမည်ကြီး ဆေးဆရာတစ်ယောက်ရှိသည်။




တစ်နေ့တွင် မြို့နှင့်မနီးမဝေးရွာတစ်ရွာမှ လူနာတစ်ယောက် အသည်းအသန်ဖြစ်သဖြင့် ထိုဆရာကို လာပင့်သည်။
ဆရာကယ်မှ ဖြစ်မှာပါဆရာ


ထိုရွာသို့ သင်္ချိုင်းကို ဖြတ်သွားရသည်တွင်၊ ဆရာသည်မျက်နှာကို ဆေးအိတ်ဖြင့် ကွယ်၍ သွားလေသည်။
ထိုအခါ ဆရာလာပင့်သူ လူနာရှင်က –
ဘာလို့ ဆေးအိတ်နဲ့ မျက်နှာကွယ်ထားတာလဲ ဆရာ
ဤတွင် ဆရာဖြစ်သူ ပြောလိုက်ပုံမှာကား –...
ဒီသင်္ချိုင်းမှာ၊ ကျုပ်ကုလို့ သေသွားတဲ့သူတွေ အတော်များသဗျ၊ သူတို့ရှေ့က ဖြတ်သွားရတာ... မျက်နှာပူလို့ဗျိုး
ဟိုက်


ကွာသွား ပါလိမ့်မယ်
<ပေးပို့သူ>
ခင်စံပယ်ဖြူ
ရန်ကုန်မြို့
တစ်ခါက ဦးတင်ငွေဆိုသူ လူကြီး တစ်ယောက်ဟာ၊ ဈေးဝယ်ထွက် လာရင်း ဖိနပ်ပြတ်သွားသတဲ့။
ဈေးရောက်တော့ - ဖိနပ်ဆိုင် ဝင်ပြီး ....
ဒီဖိနပ်တွေ ဘယ်လို ရောင်းလဲ၊ ကောင်းရော ကောင်းရဲ့လား


ဒီတော့ – ဈေးသည်က ....
ကျွန်မဖိနပ်တွေက အမျိုးအစားကောင်းပါတယ် သူများဖိနပ်တွေနဲ့ ယှဉ်ပြီးပါ ကွာသွားပါလိမ့်မယ်
ဦးတင်ဌေးဟာ ဖိနပ်တစ်ရန် ဝယ် စီးပြီး ပြန်လာခဲ့တယ်။
ဟာ... ဟာ တယ်မြန်ပါလား...
အိမ်မရောက်ခင် လမ်းတစ်ဝက်မှာ၊ ဖိနပ်အောက်က တစ်ထပ်ကွာသွားပါလေရော ဒီအခါ ဦးတင်ဌေး ပြောလို တာကတော့ –
ကွာသွားပါ လိမ့်မယ်ဆိုတာ ဒီလိုကိုး .....


ဂိုင်းလိုက်
ပုံက
တစ်ခါက ရိုးအသော ဦးပွသည် မြို့သို့ အလည်ရောက်လာသည်။
ဦးပွ ကားလမ်းကူးစဉ် အမြန်သမားတစ်ဦးမောင်းလာသောကားနှင့် တိုက်မိမလို ဖြစ်သွားသည်။
ကျွိ.....


ကျွဇွင် ကားပေါ်မှ အမျိုးသမီးက
ဒီမယ် မြန်မြန် သေချင်လို့လား
ရိုင်းစိုင်းစွာပြောပြီး ကားကို ဆက်မောင်းသွားသည်။
ဗြော်... ဒီက လူတွေ တယ်ရိုင်းပါလား



ထို့ဖြင့် ဆက်လျှောက်လာရာ တစ်နေရာ အရောက်တွင်၊ ဗိုက်နာလာသဖြင့်-
ဗိုလ်လမ်းကြားက အိမ်သာထဲ ဝင်မှပဲ...
အိမ်သာတံခါးကို ပိတ်လိုက်ရာ... တံခါးတွင် စာရေးထားသည်ကို တွေ့ရလေသည်။
မျက်နှာ ဘယ်ဘက်သို့ ကြည့်ပါ
ဘယ်ဘက်သို့ ကြည့်လိုက်ရာ...
မျက်နှာ ညာဘက်သို့ ကြည့်ပါ


ညာဘက်သို့ ကြည့်လိုက်ရာ...
မိတ်ဆွေ အပေါ်သို့ ကြည့်ပါ
အပေါ်သို့ဆက်လက်ကြည့်လိုက် ပြန်သည်တွင်....
ဟိုကြည့် ဒီကြည့်နဲ့ ဘာကြည့်တာလဲ သေချင်လို့လား
ဦးမှု လန့်သွားပြီး ကျွဲသို့ပြေးကာ ကမန်းကတန်း ထွက်လာ
တော့သတည်း။
ဪ...လူတွေတင် မကဘူး၊ အိမ်သာကပါ ရိုင်းနေပါလားနော်

# ဒီကြောင့်ကိုး

<ပေးပို့သူ>
စောမင်းသား
ရန်ကုန်မြို့







ပထမ ပျောက်ကျွာဂျင် ဝင်လာသောအခါ ဆိုပါစို့ဗျာ
နှစ်×နှစ်လီ ဘယ်လောက်လဲ
လေး
အား- အဖြေမှာ တောင့်နေ...
ဒုတိယ ပျောက်ကျွာဂျင် ဝင်လာပြန်သည်တွင်....
နှစ်×နှစ်လီ ဘယ်လောက်လဲ ကွ
ခြောက်


ထိုအခါ ပိုင်ရှင်က
ဟုတ်လိုက်လေကွာ မင်း စိတ်ကူးဉာဏ် ကောင်းတယ်.... အမြင်မှာတော့နေ
ထို့နောက် သူ့မိတ်ဆွေအား
ကျုပ်၊ ဘယ်သူ့ကို ရွေးမယ်ထင်လဲ
နှစ်×နှစ်လီ...လေးလို့ ဖြေတဲ့သူကို ရွေးမှာပေါ့!


ကျွဲတွင် ပိုင်ရှင်က
နှစ်×နှစ်လီ ခြောက်...လို့ ဖြေတဲ့သူကို ဆွေးမှာ...
ဟင်.... ဘာဖြစ်လို့ လဲ
ကျွဲတွင် ဆိုင်ရှင် ပြောလိုက်သည်မှာကား ....
ဘာဖြစ်လို့လဲ ဆိုတော့ - အဲဒီလူက ကျုပ်မိန်းမရဲ့ တူ... ဖြစ်လို့ဗျ၊ဟဲဟဲ


အေးချင်ရင်
<ပေးပို့သူ>
အေးအေးတိုး
ဗဟန်း၊ရန်ကုန်မြို့
ကိုလိုနီခေတ်က ပူအိုက်သော နေ့ရက်တစ်ရက်တွင်၊ အရေးပိုင်တစ်ဦးသည် မိမိနယ်မြေများကို လှည့်လည်စစ်ဆေးရင်း ....
အလွန်မောပန်းသဖြင့် လယ်သမားတစ်ဦး၏ နေအိမ်တွင် ခေတ္တအပန်းဖြေနေလေ၏။
ဟူး .... မောလိုက်တာ
အို ... မောင်မင်းတို့အရပ်က တယ်ပူပါလား


နွေရာသီမို့ ပူတာပါ
ဒိုး ... ဦး နွေလည်းပူ၊ မိုးလည်းပူ ဆောင်းလည်းပူ အမြဲ ပူနေတာပဲ
ထိုအခါ လယ်သမားကြီးက ပြောလိုက်ပုံမှာကား ....
ဒါဆိုလည်း ရေခဲတိုက်ထဲမှာ သွားနေပေါ့

# ပေါက်ပြန်ပြီ

<ပေးပို့သူ>
မောင်မြင့်ကို
အင်းစိန်။








မြို့အရောက်တွင် ကားစီးရ လမ်းခုလတ်တွင် ကားဘီးပေါက်သွားသည်။
ကြာရတဲ့အထဲ ကားကလည်း၊ဘီး ပေါက်ပြန်ပြီကွာ
ကြောင့် ရထားနှင့်သွားရန် တာရုံ၌ရထားစောင့်ကြ ပြန်ရ၏။ ရထားက တော်တော် နှင့် မလာသဖြင့်-
ရထားကလည်း ခုထိ မလာသေး ဘူး
ထိုတွင် ကိုဖိတ်က ပြောလိုက်ပုံ မှာကား.....
ရထားလည်း ဘီးပေါက်နေ ပြန်ပြီထင်ပါ တယ်ကွာ


ဒါတော့ မြင်တယ်
တစ်နေ့တွင် ဦးပေါ်သွပ်သည် အခြားမြို့ တစ်မြို့သို့ ခရီးထွက်လာသည်။
ညနေစောင်းသော် လမ်းခုလတ်၌ သူ့မိတ်ဆွေအိမ်သို့ ဝင်ရောက် တည်းခိုပေသည်။



ဟော ပေါသွပ် ပါလား
အေးကွ၊ ငါ... ကမ္ဘာရှားတို့ဆီသွားမလို့ ဒီညတော့ – ဒီမှာပဲ တည်းမကွာ
ညီ-နှင့် ဦးပေါသွပ်အား ဦးဖိုးတော်၏ဇနီးက၊ ထမင်း ပြင်၍ကျွေးသည်။
ကိုပေါသွပ်ရေ ထမင်းပြင်ပြီးပြီ လာစားလေတော့
ဦးပေါသွပ်မှာ ဆာဆာနှင့် စားရာ၊ ထမင်းဟင်းများ လျင်မြန်စွာကုန်သွား လေ၏။


ထိုအခါ အိမ်ရှင်ကလာထည့်ပေးမည့် ထမင်းဟင်းကို စောင့်မျှော်နေလေ၏။
သို့သော် အိမ်ရှင်တို့က လာထည့်ပေးခြင်းမရှိပေ။
မဖြစ်ဘူး တစ်ခုခုတော့ လုပ်မှ....
ထို့ကြောင့် စိတ်မရှည်နိုင်တော့ဘဲ၊ အိမ်တိုင်ကို ဖက်တက်လေတော့သည်။


ဟိုမှာ... ဟိုမှာ...
ဟာ- ဟာ...
ဟေ့-ဟေ့၊ ပေါသွပ် ထမင်းစားရင်းတန်းလန်း ဘာလို့ တိုင်ပေါ်တက် ရတာလဲ...
ထိုအခါ ဦးပေါသွပ်က စိတ်မရှည်စွာဖြင့်၊ ထမင်းပွဲကို မေးငေါ့ပြီး ပြန်ပြောလိုက်သည်မှာကား ....
ဩ... ဒါတော့မြင်တယ် ဟိုဟာတော့ မမြင် ဘူး


ထိုင်ပါ
<လေးမိုးသူ>
မောင်မောင်ဝင်းကိုကို
မန္တလေးမြို့
တစ်ခါက ရုံးပြင်ကနား တစ်ခါမှုမရောက်ဖူးသော ဒေါ်မြိုင်သည်၊ အိမ်နီးချင်းတစ်ဦးနှင့် ရန်ဖြစ်သဖြင့် ရုံးသို့ရောက်သွားရာ...
ကဲ-ကတိသစ္စာခံမယ် ကျမ်းဆိုသလို လိုက်ဆို
ဤအမှုတွင်
ကျွန်မသည်
ဤအမှုတွင်
ကျွန်မသည်


ဟုတ်မှန်ရာကို ထွက်ဆိုပါမည်ဟု
ဟုတ်မှန်ရာကို ထွက်ဆိုပါမည်ဟု
ကတိပြုပါသည်
ကတိပြုပါသည်
ထို့နောက် အမှုလိုက်က ထိုင်ခိုင်းသည်ကို ဒေါ်မြင့်က မသိဘဲ ဆက်ဆိုလိုက်သည်မှာကား ....
ထိုင်ပါ
ထိုင်ပါ
၇၁



ပေါ့နေတယ်
<ပေးပို့သူ>
လင်းလင်း
ရန်ကုန်မြို့
တစ်နေ့တွင် မုန့်ဟင်းခါးဆိုင်တစ်ဆိုင်သို့ ကုလားလေးတစ်ယောက်လာဝယ်စားရာ
အစ်ကိုကြီး ပေါ့နေတယ်
မုန့်ဟင်းခါး ရောင်းသူက _
ပေါ့နေရင် ငံပြာရည်ထည့် ပေါ့ကွ


ကုလားလေးက နောက်တစ်ကြိမ် ထပ်ပြောပြန်သည်။
အစ်ကိုကြီး ပေါ့နေတယ်
မှုန့်ဟင်းခါးသည်မှာ ဒေါပွပြီး ...
ပေါ့နေရင်... ငံပြာရည်ထည့်လို့ ပြောထားတယ် မဟုတ်လား
ထိုအခါ ကုလားလေးက ပြန်ပြောလိုက်သည်မှာကား ....
မဟုတ်ဘူး အစ်ကိုကြီး အစ်ကိုကြီးအောက်က ပေါ့နေတာကိုပြောတာ


လက်ခံမလား
မခံဘူးလား
တစ်ခါက စကားကတ်ရှာတတ်သော ဦးမာန ဆိုသူ သူဌေးကြီးတစ်ဦးရှိသည်။
ဦးမာန တွင် သမီးပျိုတစ်ဦးရှိပြီး၊ သမီးမေဒြာလှ ဂုဏ်သတင်းမှာ ကျော်ကြားလှသည်။


အနီးအနားရွာများမှ ကာလသား လူပျိုများသည်၊ ဦးမာနသမီးကို နှစ်သက်ချစ်ခင် လိုချင်ကြသော်လည်း၊ ဦးမာန စကားကြောင့်–
ငါ့သမီးလိုချင်ရင် ငါ့ကို စကားနိုင်အောင် ပြောပြီး၊ ပါးရိုက်နိုင်ရင် ယူသွား....
စကားနိုင်ပြောပြီး ပါးမရိုက်နိုင်ကြသဖြင့် လက်လျှော့လိုက်ကြရလေသည်။
ဟား ဟား ဟား ဟား


ထိုသတင်းကို ရွာသာယာမှ "မောင်ပညာ" ကြားသောအခါ၊ ဦးမာနရှိရာ ခင်တန်းကြီးရွာသို့ အမြန်လာခဲ့၏။
ဦးမာနထံ ရောက်သောအခါ....
ငါပြောထားတဲ့အတိုင်း လုပ်နိုင်ရင်၊ ငါ့သမီး ယူသွား
ဤတွင် မောင်ပညာက အသိသက်သေ လူကြီးများရှေ့တွင်.... မေးလေသည်။
ဦးရဲ့ပါးကို၊ ကျွန်တော် ကိုက်ရင်၊ ဦးလက်ခံမလား မခံဘူးလား


ထိုအခါ ဦးမာန စိတ်ထဲ၌
ငါလက်မခံဘူးဆိုရင် ငါ့လက်ဝါးကို ငါ့ပါးပေါ်မှာ မခံရဘဲ သည်အတိုင်း ရိုက်သွားလိမ့်မယ်
လက်ခံမယ်ဆိုရင်လည်း၊ ဦးရဲ့ ပါးကို ရိုက်မယ်ဆိုတာ ကျေကျေ နပ်နပ် လက်ခံတဲ့အတွက်၊ ကျေးဇူး တင်ပါတယ်ဆိုပြီး၊ ငါ့ပါးရိုက်လို့ ငါ့သမီး ယူသွားလိမ့်မယ်....
အမျိုးမျိုးတွေးတောပြီး ကြံရာမရဖြစ်ကာ၊ နောက်ဆုံး၌ ကတိ အတိုင်း သူ့သမီးကို မောဃပညာနှင့်လက်ထပ်ပေးလိုက်ရ တော့သတည်း။


ချီးမွမ်းစကား
<လေးမိုးသူ>
ခွန်မောင်ထွန်း
တောင်ကြီးမြို့
မြို့တစ်မြို့တွင် ကိုတောဆိုသူသည် မဖြူ ဆိုသူအောမပိုးသမီးနှင့် ရပြီး၊ ပြန်ကြွသွား ကြသည်။
ထို့နောက် မဖြူတို့ မိသားစု ရန်ကုန်မြို့သို့ ပြောင်းရွှေ့သွားကြသည်။ တစ်နှစ်ခန့် အကြာတွင်၊ ရန်ကုန်မှ စာတစ်စောင် ရောက်လာသည်။
ငါ့သူငယ်ချင်း ဘချောဆီက- စာ ပါလား



သူ့မင်္ဂလာဆောင် လာဖို့–ငါ့ကိုဖိတ် လိုက်တယ်၊ ဆက်ဆက် သွားမှ
မင်္ဂလာဆုံတွဲကိုတွေ့လျှင် ပြောရန်စကား ကိုပါ စဉ်းစားပြီးထွက်လာခဲ့၏။
မင်းတို့ဆုံတွဲကတော့ နေနဲ့လ– ရွှေနဲ့မြ ပါပဲကွာ...
မင်္ဂလာပွဲရောက်၍ ဆုံတွဲတွေ့သောအခါ၊ သတို့သမီးမှာ သူနှင့်ကွဲ သွားသော မဖြူ ဖြစ်နေသည်ကိုတွေ့ရ၍ အံ့သြပြီး ပြောလိုက် မိသည်မှာကား....
မင်းတို့ဆုံတွဲကတော့ ငါနဲ့ရ– မင်းနဲ့ရ ပါပဲကွာ....


အားနာလို့
<လေးဖိုးသူ>
မောင်သန်းတင့်
ကောလင်းမြို့
တစ်ခါက အလွန်အားနာတတ်သော မောင်ထွတ်ဆိုသူတစ်ယောက်ရှိသည်။
တစ်နေ့တွင် မောင်ထွတ်သည် ရွာတစ်ရွာသို့ အလည်သွားရင်း၊ အသိအိမ်တစ်အိမ်၌၊ ခဏဝင်နားသည်။


ထိုအိမ်တွင် လူကြီးများ မရှိဘဲ၊ အိမ်ရှင်၏ သမီးပျိုလေးသာရှိနေသည်
အဘတို့တော့ ဟိုဘက်အိမ်သွား ကြတယ်
ခဏအကြာတွင် မိန်းမပျိုက ထမင်းပွဲပြင်ပြီး....
မောင်ကြီး ထမင်းစား ရအောင်
မောင်တုတ်သည် ဆာသော်လည်း
အားနာသဖြင့် -
ရပါတယ် ကျွန်တော်မဆာ သေးပါဘူး


လာပါ....
မောင်ကြီးအတွက်ပါ
ချုး ထားပါတယ်
အားမနာပါနဲ့
ရပါတယ်
ဗျာ....
မိန္ဒာမပါမှာ ဒေါ်မရှ တစ်ယောက်တည်း စားလိုက်လေသည်။



သို့သော် မောင်တုတ်မှာ တအားဆာလာသဖြင့်၊ အားမနာနိုင်တော့ဘဲ၊ လက်ဆေးပြီး ထမင်းစားပွဲနားတွင် မတ်တတ်ရပ်လိုက်သည်။
ထိုအခါ မိန်းမပျိုက မောင်တုတ်အား ....
မောင်ကြီးက ပြန်တော့မှာလား
ထိုတွင် မောင်တုတ်သည် ရှက်ရှက်ဖြင့် ပြန်သွားပေတော့သတ
ဟုတ်ကဲ့–ပြန်လိုက်ပါဦးမယ်.....


တစ်ခါက မြို့တစ်မြို့တွင် မောင်ထုံ ဆိုသူ လူငယ်တစ်ဦးရှိ၏။ သူသည် မေ့လျော့တတ်သော အကျင့်ရှိသည်။
သူသတိမေ့တတ်သောကြောင့် မကြာခဏ အရိုက်ခံရသည်။
ဟဲ့-မောင်ထုံ ဓားမကြီး ဘယ်နားမှာ ထားခဲ့လဲ


အမေကလည်းဗျာ
အိမ်နောက်ဖေးမှာ
ထားခဲ့တာပေါ့!
ငါ...ခုပဲ
ကြောင်အိမ်အောက်က
တွေ့လာခဲ့တယ်၊ဟ...
အိမ်နောက်ဖေးမှာလဲ
နောက်
မေ့ဦးမလား
ကဲဟာ၊ကဲဟာ


တစ်နေ့ မောင်ထုံ့သည် ရပ်ကွက်ထဲ လျှောက်သွားရင်း
သူ့ဖခင်နှင့်တွေ့ရာ၊ သတိမေ့တတ်သူပီပီ....
အင်း...ဒီလူကြီး ငါ မြင်ဖူးသလိုလိုပဲ
ထိုအခါ သူ့ဖခင် ဦးဖိုးဇုတ်က_
ဟင်...ချေးကောင် မြင်ဖူးသလိုလိုပဲ၊ဟုတ်လား ငါ...မင်းအဖေကွ၊မင်း အဖေ...


ထိုအခါကျမှ မောင်ထုံသည်
ကြော် ဟုတ်သားပဲ ဒါ...ငါ့အဖေကိုး၊ အမေ့လင်နဲ့တူသလိုလိုရှိပါတယ်လို့ ကြည့်နေတာ....
မောင်ထုံစကားကြောင့် ဦးဖိုးတုတ် အကြီးအကျယ် ဒေါ်ပွသွားပြီး ...
ဟဲ့-သေနာလေး မင်းအဖေလည်း ငါပဲ မင်းအမေ လင်လည်း ငါပဲ....
နှစ်ယောက် စလုံးဟာ၊ ငါပဲကွ ဘဲ...ဘဲ



မနက်ဖြန်မှ
<ပေါဆိုးသူ>
မောင်ဝင်းနိုင်
တစ်ခါက ဦးကြီးတစ်ယောက်ဟာ...
ဘုရားဖူးဖို့ မြို့ကိုတက်လာသတဲ့။
ဘုရားဖူးပြီးတဲ့အခါ ထမင်းဆာတာနဲ့
ထမင်းဆိုင်တစ်ဆိုင်ထဲ ဝင်သွားတယ်။
ထမင်းဆိုင်


ပြီးတော့ –
ဟေ့–မောင်ရင် ထမင်းတစ်ပွဲ ဘယ်လောက်လဲ
တစ်ကျ
ဒါဆို... ၃၀ စား ဘယ်လောက်လဲ
နှစ်ကျ
အား...အား ၃၀ စားပွဲ မြင်လိုက်


ထမင်းပွဲရောက်လာတဲ့အခါ ဆာဆာနဲ့ တအား ကျုံး စားတော့သတဲ့။
စားကောင်းကောင်းနဲ့ စားလိုက်တာ ဘေးမှာ ပန်းကန်တွေတစ်ထပ်ကြီး ဖြစ်နေတော့တယ်။
ထမင်းဆိုင်က လူတွေ အံ့ဩလန့်ဖျပ်ကုန်သတဲ့။
ဟိုက်
စားလှချည်
လား



နောက်ဆုံးတော့ မဖြစ်ချေဘူးဆိုပြီး....
ဘကြီး၊ ထမင်းတွေ ဟင်းတွေကုန်ပါပြီ....
ဟောဒီမှာ ထမင်းအိုး ဟင်းအိုး တွေ....
ဒီအခါ ဦးကြီး ပြန်ပြောလိုက်တာ ကတော့.-
အော၊ ဒါဆိုလည်း နောက်နေ့မှ လာပြီး ဆက်စားမယ်ကွယ်


လက်ဦးပေလို့
<ပေးပို့သူ>
မောင်ဦး
မန္တလေးမြို့
တစ်ခါက မြို့နဲ့ဝေးတဲ့ရွာတရွာမှာ နာရီမမြင်ဖူးတဲ့သူ တစ်ယောက် ရှိတယ်။
တစ်နေ့မှာ လမ်းသွားရင်း နာရီတစ်လုံး တွေ့တာနဲ့-ကောက်ယူကြည့်လိုက်တယ်။
ဘာကောင်လေးလဲ မသိဘူး


နားနားကပ် နားထောင်လိုက်တဲ့အခါ၊ နာရီစက်သံ မြည်နေတာကို....
ဟာ... အသက် ရှိသေးတယ်... မဖြစ်ဘူး၊ ငါ့ကို ကိုက်လိမ့်မယ်
ကျောက်လန့်ပြီး၊ ကိုင်ပေါက်လိုက်တယ်။
ကဲဟာ...
ကိုင်ပေါက်လိုက်တဲ့ဒဏ်ကြောင့် နာရီသံပတ်ပြတ်ပြီး၊ ရှီး...ဆို အသံမြည်သွားတယ်။ ဒီအခါ... ပြောလိုက်တာကတော့-
ဟာ...တော်သေးတယ် အသက် ထွက်သွားပြီ ငါ...လက်ဦးပေလို့


ထူးမခြားနား
<လေးဖိုးသူ>
စိန်ငွေအောင်
ရန်ကုန်မြို့
တစ်ခါက ရွာတစ်ရွာတွင် ကိုလူအေး ဆိုသူတစ်ယောက်ရှိသည်။
ကိုလူအေးသည် မြို့သို့တစ်ခါမျှ မရောက်ဖူးချေ။
မြို့မှာ ပျော်စရာ သိပ်ကောင်း တာဗျ


မြို့မှာ၊ ဟာလူဒီ
သောက်ခဲ့ရတာ
အိပ်ကောင်းတာ
ပဲဗျာ
ကိုလူအေးမှာ သူပြောသောစကားဖြင့်သာ စိတ်ကူးယဉ်နေမိသည်
ဒါလည်း၊ မြို့ရောက်ရင်
မစားဖူးတာတွေ...
လျှောက်စားမယ်
ဟိ
တစ်နေ့တွင် မြို့မှ သူငယ်ချင်းလာလည်ရာ၊ အပြန်တွင် သူနှ
အတူ ကိုလူအေး မြို့သို့ လိုက်သွားသည်။


မျိုးကျော်လျှင်
သူငယ်ချင်း ငါ့ကို ဟာလူဒါ ဝယ်တိုက်ပါကွာ
အေး အေး
သူငယ်ချင်းက ဟာလူဒါဆိုင် လိုက်ရှာရာ အနီးအနားတွင် မတွေ့ချ...
ဒုက္ခပဲ
ဘာမျှမရောက်ဘဲ သူ့စိတ်ကူးနှင့်သာ ဆန်ပြုတ်ဆိုင် တစ်ဆိုင်သို့ ဝင်ကာ....
သုတ
နောက်နေ့မှပဲ ဟာလူဒါ ဝယ် တိုက်တော့မယ်


ဆန်ပြုတ်မှာ၍ တိုက်လေသည်။
သောက်ကွာ
ကိုလူအေးမှာ ဘုမသိဘမသိ နှင့် ဟာလူဒါထင်ပြီး အာရသာ ခံ၍သောက်နေလေသည်။
စားသောက်ပြီး လမ်းတွင် ကိုလူအေး ပြောလိုက်သည်မှာကား
မင်းတို့ ဟာလူဒါ ကလည်းကွာ၊ တို့ရွာက မောင်ချစ်ဆန်ပြုတ်နဲ့ အရသာချင်း တူ.... မခြားနားပါလားကွ



ငါးပိ
ခပ်ဖို့
<လေးမိုးသူ>
သီဟနှလင်း
မန္တလေးမြို့
တစ်ခါက ရပ်ကွက်တစ်ခုတွင် စရိုက်ကြမ်းပြီး ယောက်ျားနှစ်ယောက်ယူထားသော၊ မိန်းမကြမ်းဒေါ်ရွှေဆိုသူ ရှိသည်။
တစ်နေ့တွင် ထမင်းစားနေခိုက်
ငါးပိရည် ကုန်နေပြီ… သွားခပ်ပေးကြစမ်း




သို့သော် လင်နှစ်ယောက်မှာ
ဟော့-မင်းကို ပြောတာ
အောင်မာ မင်းကိုခပ်ခိုင်းတာကွ
လင်နှစ်ယောက် တွက်ကတတ်နေသဖြင့် ဒေါ်ကြွက....
အင်း...ဒီလိုဆို ငါးပိခပ်ဖို့၊ လင်တစ်ယောက် ထပ်ယူဦးမှပဲ
ထိုအခါမှပင် ယောကျ်ားနှစ်ယောက်သည်၊ ကမန်းကတန်း ငါးပိသွားခပ်ကြလေသတည်း။

# ဂဲဒေါက်

<လေးမိုးသူ>
မောင်မင်းငြိမ်
ဆောင်ရုပ်မြီး







သူတို့နှစ်ဦးသည် တိုက်တာအိမ်ခြေများကို ငေးမောရင်း.... လျှောက်လာခဲ့သည်။


ထို့အတူ မြို့ပေါ်မှ ကျောင်းသားလူငယ်ပါစ်ဝေယက်သည် အင်္ဂလိပ်ဘာသာဖြေရန် ကျောင်းသို့အရေးတကြီးထွက်လာခဲ့ရာ...


သူတို့နှစ်ဦး ပလက်ဖောင်းပေါ်တွင် မတော်တဆ ရင်ဆိုင်တိုက်မိကြသည်။
ဘုန်း
သာဂိမှာ အရှိန်ဖြင့် လဲကျသွားမလိုဖြစ်ရာ၊ ဖြိုးမှလျှပ်ပေါ်က လက်ကိုလှမ်းဆွဲလိုက်ပြီး -
အားနာစွာဖြင့် တောင်းပန်လိုက်သည်။
ဟာ...သူငယ်ချင်း မတော်လို့ပါကွာ စိတ်မရှိပါနဲ့ - ဆောရီးပဲ


ထိုအခါ သာဂိက-
အောင်မာ၊ မင်းကလည်း ဝင်တိုက်သေးတယ်.... ငါ့ကိုလည်း၊ ဆော်တီးချင် သေးတယ်ပေါ့လေ
မြို့မှ လူပြယ်သည်၊ အစောင်း ပန်းသည်ကို၊ လက်ဖြင့်ပုတ်ချ လိုက်သဖြင့် ဒေါသထွက်သွားပြီး "သွား" မှ အင်္ဂလိပ်လို ရေရှာပြီး ထွက်သွားရာ....
ဂေါက်
သာဂိမှာ ကျွန်ုပ်တို့ရေကူးကတ်ဂျင်း ပလက်ဖောင်းပေါ်၌ ငေးကျန်ခဲ့ လေသတည်း။
အောင်မာ၊ မင်းက ငါ့ကို မကျေနပ်လို့ ခဲကောက်ပိုင်းသေး သလားကွ၊ ဟင်း


အမေး
အဖြေ
တစ်ခါက ရေလမ်းခရီးဖြင့် ခရီးသွား နေကြသော ခရီးသည်တစ်စုသည်။..
ပျင်းပျင်းရှိသည်နှင့် တစ်ဦးကိုတစ်ဦး အဟော်ခပ်ကြသည်။
ကိုင်းဗျာ၊ ကျုပ်တို့ စကားထာ ဖွက်ကြ ရအောင်၊ မဖြေ နိုင်ရင်၊ တစ်ကျပ် ပေးကြေး


ထိုအခါ ဦးကြီးတစ်ဦးက
မောင်ရင်ရယ် ဦးက ကျောင်းမနေခဲ့ရတော့ ဒီအတိုင်းလေးကြရရင် ဈေးမဖြေနိုင်တာနဲ့ ပါသမျှ ကုန်မှာပဲ
ဒီလိုဆို ဦးလေးမဖြေနိုင်ရင် တစ်ဆယ်ပဲလေး ကျွန်တော်မဖြေနိုင်ရင် တစ်ရာလေးမယ်ဗျာ
ထို့သို့ သဘောတူကာ အမေးအဖြေ ပြုကြသည်။
ကဲ.... အကူမြို့ဆိုတာဘာလဲ အကူမြို့ထဲမှာဘာတွေ ပါလဲ



ဦးကြီးမှာ အဖြေကို စဉ်းစား မနေဘဲ၊ ငွေတစ်ဆယ် ထုတ်ပေးလိုက်သည်။
အောက်ဆုံး ညာဘာ ဆိုတဲ့ ပန်းချီကားကို ဘယ်သူ ဆွဲတာလဲ
ဦးကြီးမှာ မဖြေနိုင်သဖြင့် တစ်ဆယ် ပေးလိုက်ရပြန်သည်။
ကဲ - ဦးလေး မေးတော့


ကျတွင် ဦးကြီးက –
တောင်ပေါ်တက်သွားတော့ ခြေနှစ်ချောင်း၊ ဆင်းလာတော့ ခြေသုံးချောင်း၊ အဲဒါ…ဘာ သတ္တဝါလဲ
လူငယ် ခဦးစားမရသဖြင့် ငွေတစ်ရာ ထုတ်ပေးလိုက်ရသည်။
ကဲဗျာ၊ ဒါဖြင့် အဲဒါဘာကောင်လဲဗျာ ကျုပ်က – ဦးလေးကို ပြန်မေးရဦးမယ်
ထိုအခါ ဦးကြီးထံမှ အဖြေ မရဘဲ၊ ငွေတစ်ဆယ်ကိုသ ထုတ်ပေးလိုက်လေသတ



ကံကောင်း
ကံဆိုး
ကမ္ဘာပေါ်မှာ လေယာဉ်ပျံပေါ်စ အချိန်က၊ လူတွေဟာ လေယာဉ်ပျံကို၊ အထူးအဆန်းဖြစ်ပြီး၊ သိပ်စိတ်ဝင်စားကြသတဲ့.။
လေယာဉ်ပျံစီးရရင် သူတို့ကိုယ်သူတို့ သိပ်ကံကောင်းတယ်လို့ ယူဆကြတယ်။ တစ်နေ့တော့ – လူတစ်ယောက်ဟာ ....



ကံကောင်းချင်တော့ - လေယာဉ်ပျံ စီးရတယ်။
ကံဆိုးချင်တော့ - လေယာဉ်ပျံ ပျက်ကျတယ်။

ကံကောင်းချင်တော့ — လေထီးပါတယ်။



ကံဆိုးချင်တော့ — လေထီး မပွင့်ဘူး ။




ကံကောင်းချင်တော့ – ကောက်ရိုးပုံ ခံနေတယ်။
ကံဆိုးချင်တော့ – ကောက်ရိုးပုံအလယ်မှာ တုတ်ချွန်ကြီး ထောင်နေသတဲ့။


ကံကောင်းချင်တော့ - ဝါးချွန်ကြီးနဲ့ လွဲသွားတယ်။
ကံဆိုးချင်တော့ - ကောက်ရိုးပုံနဲ့ပါ လွဲသွားပါရောတဲ့။
ဒုန်း
ပြီး

**Light** publishing house

15, Awba street, Tarmwe.

ကာတွန်းငွေကြည် "ထိတ်ထိတ်ကြဲဟာသ"

စာမူခွင့်ပြုချက်အမှတ်
၃၀၀၅၀၇၁၀၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၃၀၀၀၅၅၀၂၁၁

မျက်နှာဖုံးသရုပ်ဖော် ငွေကြည်

ပထမအကြိမ်၊ အုပ်ရေ (၅၀၀)
၂၀၁၁၊ ဇွန်လ
တန်ဖိုး ( ၄၀၀ ) ကျပ်

အတွင်းနှင့် အဖုံးပုံနှိပ်သူ
ဦးကျော်ရင် (ရွှေခြသေ့်ပုံနှိပ်တိုက်)
၁၂၊ သရဖီလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ
ဒေါ်ဝင်းဝင်းခိုင် ( သိမ့်ထိုက် လစဉ်)
အမှတ် ၂၂၊ ၃၂လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်မြို့။

| | |
|---|---|
| ဖြန့်ချိရေး | ပူစီဖောင်း စာပေ |
| ဖြန့်ချိရေးတာဝန် | ဟာကျူလီ |